# မတရားတဲ့မတရားသင်းဥပဒေ

ဗမာပြည်ရဲ့ဒီမိုကရေစီအရေးကို ပြောကြဆိုကြရာမှာ မေ့မေ့ပျောက်ပျောက်ဖြစ်နေကြတာလား၊ မျက်စေ့ရှန်းသွားကြတာလား၊ တမင်ချန်ထားကြတာလားမသိ။ သိပ်အရေးကြီးတဲ့ ကိစ္စတရပ်ကိုမပြောမဆို၊ လက်ညှိုးမထိုးပဲဖြစ်နေကြတာကို သတိထားမိပါတယ်။ အဲဒါကတော့ မတရားသင်းအက်ဥပဒေအရ မတရားသင်းကြေညာထားခံရတဲ့ အဖွဲ့အစည်းတွေရဲ့ကိစ္စပါ။

သမိုင်းကိုနည်းနည်းလှန်ပါရစေ။

လွတ်လပ်ရေးရပြီးနောက် ဗမာပြည်အစိုးရအဆက်ဆက်က မတရားသင်းကြေညာတယ်ဆိုတာတွေရဲ့ အဓိကလက်စွဲဟာ "၁၉၀၈ခုနှစ်။ မတရားအသင်းအက်ဥပဒေ"ဆိုတာဖြစ်ပါတယ်။ ပြဋ္ဌာန်းသူက အင်္ဂလိပ်ကိုလိုနီအစိုးရဖြစ်ပါတယ်။ အဓိကပစ်မှတ်ဟာ သူ့ကျွန်မခံချင်လို့ လက်နက်ကိုင်ပုန်ကန်နေကြတဲ့ လူမျိုးပေါင်းစုံဗမာပြည်သားတွေဖြစ်ပါတယ်။ ဗမာပြည်ပြည်သူတွေရဲ့ ကိုယ့်အမျိုးသားကိုချစ်တဲ့စိတ်၊ ကိုယ့်နိုင်ငံကိုယ်မြတ်နိုးတဲ့စိတ်ကိုရိုက်ချိုးဖို့ ရည်ရွယ်ပြီးဖန်တီးထားတဲ့ဥပဒေဆိုးတခုဖြစ်ပါတယ်။

ဒါပေမဲ့ ဒီဥပဒေပြဋ္ဌာန်းပြီးလို့ ဗမာပြည်ကိုအနှစ်၄၀လောက်ဆက်လက်အုပ်ချုပ်ခဲ့တဲ့ တိုင်းတပါးသားအစိုးရဟာ ဒီဥပဒေအရ ဗမာပြည်သားတွေကို အရေးယူခဲ့တဲ့အရေအတွက်နဲ့စာရင် လွတ်လပ်ရေးဒီဘက်ပိုင်းမှာ ဗမာပြည်သားချင်းအရေးယူခဲ့တဲ့အရေအတွက်ဟာ အဆပေါင်းထောင်သောင်းချီကွာဟနေပါတယ်။ အဲဒါအပြင် ပါတီအဖွဲ့အစည်းအရေအတွက်နဲ့ပြောရရင် ကိုလိုနီခေတ်တုန်းက မတရားသင်းကြေညာခံရတဲ့ပါတီရယ်လို့ တခုမှမရှိပဲ အခုအခါမှာ ၁၀ ခုကျော်ဖြစ်နေပါတယ်။ လက်လှမ်းမီသလောက်စာရင်းအရဆိုရင်–

၁။ အလံနီကွန်မြူနစ်ပါတီ (၁၉၄၇)
၂။ အလံနီတောင်သူလယ်သမားများသမဂ္ဂများ (၁၉၄၇)
၃။ ကေအင်ဒီအို (၁၉၄၉)
၄။ ဗမာပြည်ကွန်မြူနစ်ပါတီ (၁၉၅၃)
၅။ ပြည်သူ့ရဲဘော်အဖွဲ့ (၁၉၅၃)
၆။ မူဂျာဟစ်အဖွဲ့ (၁၉၅၄)
၇။ ကေအင်န်ယူ (၁၉၈၉)
၈။ ညောင်ရွှေစော်ဘွားစဝ်ရွှေသိုက်ရဲ့သား စဝ်ခမ်ဖ ဦးစီးတဲ့အဖွဲ့ (၂၀၀၅)
၉။ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့် ပေါင်းအစိုးရ (၂၀၀၅)
၁၀။ မြန်မာနိုင်ငံအလုပ်သမားအဖွဲ့ချုပ်– အက်ဖ်တီယူဘီ– (၂၀၀၅)
၁၁။ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး– အေဘီအက်စ်ဒီအက်ဖ်– (၂၀၀၅)
၁၂။ ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) (SSA-S)
၁၃။ မြန်မာနိုင်ငံရှေ့နေများကောင်စီ (Burma Lawyers' Council)
(ကွင်းစကွင်းပိတ်ထဲကသက္ကရာဇ်တွေဟာ မတရားသင်းကြေညာခံရတဲ့နှစ်တွေဖြစ်ပါတယ်)

အားလုံးပါတီအဖွဲ့အစည်း ၁၃ ခုရှိပါတယ်။ ဒီအထဲမှာတချို့ပါတီတွေဟာ မတည်ရှိတော့ဘူးဆိုနိုင်ပေမဲ့ အများစုဟာတည်ရှိနေပါသေးတယ်။ ပိုအရေးကြီးတာက ဒီဥပဒေဆက်လက်တည်ရှိနေတဲ့အတွက် ပြည်သူလူထုရဲ့ခေါင်းပေါ်မှာ ပြတ်ပြတ်သားသားဖိနှိပ်ပစ်မယ်ဆိုတဲ့ ခြိမ်းခြောက်မှုကြီးတခု ခားဝဲသလိုအမြဲဝဲနေတာပဲဖြစ်ပါတယ်။

တကယ်ကျတော့ ဒီလိုဥပဒေမျိုးကို လွတ်လပ်တဲ့နိုင်ငံတခုမှာ တွေ့ရလေ့မရှိပါဘူး။ အင်္ဂလိပ်အစိုးရဟာလည်း သူတို့ရဲ့ကိုလိုနီနိုင်ငံမှာမို့သာ ပြဋ္ဌာန်းရဲတာဖြစ်ပါတယ်။ သူတို့နိုင်ငံထဲမှာဆိုရင်မပြဋ္ဌာန်းဝံ့ပါဘူး။ အဲဒီလိုနယ်ချဲ့သမားရဲ့လက်ရာ၊ ကိုလိုနီအနံ့အရသာ အပြည့်အဝပါတဲ့ဥပဒေတရပ်ကို လွတ်လပ်ရေးရတဲ့နောက်မှာ ဗမာပြည်အစိုးရအဆက်ဆက်ဟာ ပယ်ဖျက်ဖို့လုံးဝမစဉ်းစားခဲ့ပါဘူး။ သူတို့အတွက်အသုံးတည့်တဲ့အတွက် တွင်တွင်သာသုံးစွဲလာခဲ့ပါတယ်။ တောသူတောင်သား လယ်သမားတွေကိုသူပုန်အားပေးတယ်၊ ဆက်တယ်ဆိုပြီးအနိုင်ကျင့်တဲ့ ၁၇(၁)၊ ကျောင်းသားတွေနဲ့မြေပေါ်နိုင်ငံရေးသမားတွေကို အကြပ်ကိုင်တဲ့ ၁၇(၁)၊ ဒီဥပဒေနဲ့ထောင်ထဲကိုဝင်ခဲ့ရသူတွေ ဗမာပြည်မှာသောင်းသိန်းချီရှိပါပြီ။ ဒီဥပဒေကြောင့်မို့ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ပိုလို့ ပိုလို့ဝေးခဲ့ ရပါတယ်။ ဒါပေမဲ့ ဒီဥပဒေဆိုးကြီးကို ပယ်ဖျက်ပေးဖို့ဒီနေ့အထိဘယ်သူကမှ မပြောကြပါဘူး။

ဒီနေ့လိုဒီမိုကရေစီစကားတွေ၊ ဥပဒေစကားတွေ မိုးလုံးပြည့်ကြားနေရချိန်မှာ ဒီလိုဒီမိုကရေစီကိုပြောင်ပြောင်တင်းတင်း ဖျက်ဆီးတဲ့ဥပဒေဆိုးတရပ်အကြောင်း မပြောကြတာဟာ ဆန်းနေသလိုတောင်ရှိပါတယ်။ အမှန်ပြောရရင် ဗမာပြည်မှာဒီဥပဒေ အပြင်တခြားလည်း အလားတူလူထုကိုဖိနှိပ်အနိုင်ကျင့်ဖို့သက်သက်အတွက် ပြဋ္ဌာန်းထားတဲ့ဥပဒေတွေ အများအပြားရှိနေပါ သေးတယ်။ အထူးသဖြင့်တော့ စစ်အစိုးရတွေလက်ထက်မှာ ထုတ်ပြန်တာတွေပါ။ စစ်မာန်ကြီးစွာနဲ့ပြဋ္ဌာန်းတဲ့ဥပဒေတွေဆိုတော့ တခုထက်တခုပိုလို့သာ ကျိုးကြောင်းမဆီလျော်။ ဆိုးဝါးပါတယ်။ နဝတအစိုးရရဲ့ အမိန့်ကြော်ငြာစာ ၂/၈၈နဲ့ ၆/၈၈၊ အင် တာနက်ဥပဒေ (၂၀၀၀ခုနှစ်) စတာတွေဟာ ကိုလိုနီအစိုးရတောင် မျက်နှာပြောင်မတိုက်ရဲတဲ့ ဥပဒေမျိုးတွေဖြစ်ပါတယ်။ အဲဒီလို ထင်သလိုဥပဒေတွေပြဋ္ဌာန်းခဲ့တာမှာ အထွတ်အထိပ်ကတော့ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေပါပဲ။

ဒါကြောင့် ပြည်သူလူထုကိုဖိနှိပ်ရာမှာအဓိကဒေါက်တိုင်လည်းဖြစ်၊ စံကျတဲ့ပြယုဂ်တွေလည်းဖြစ်တဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေက အခေါင်ပြုတဲ့ ဥပဒေဆိုးတွေကို တိုက်ဖျက်ရေးဟာ ဒီကနေ့ဗမာပြည်ကဒီမိုကရေစီအရေးတော်ပုံကြီးရဲ့ အဓိကတောင်းဆို ချက်တွေထဲမှာ မဖြစ်မနေပါဝင်ရမယ့်အချက်ဖြစ်ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးကို အန္တရာယ်ပေးနေတဲ့၊ အမျိုးသားပြန်လည် သင့်မြတ်ရေးမှာ အတားအဆီးဖြစ်နေတဲ့ ဒီဥပဒေဆိုးတွေကိစ္စကို ဖော်ထုတ်တောင်းဆိုကြပါစို့။

**ရဲဘော်ဖိုးသံချောင်း**